စန်းကားကျေးရွာ

စန်းကားကျေးရွာအုပ်စု၊ ဝိုင်းမော်မြို့နယ်

ကချင်ပြည်နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံချက်(၂၀၁၆-၂၀၂၀)

ပြုစုရေးဆွဲရေးသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

စန်းကားကျေးရွာ၊ဝိုင်းမော်မြို့နယ်

(စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၇ ခုနှစ်၊ မတ်လ၊

မာတိကာ

မာတိကာ ၁

အတိုကောက်စကားလုံးများ ၅

စကားချီး ၆

စန်းကားကျေးရွာအရင်းအမြစ်ပြမြေပုံ၊ဝိုင်းမော်မြို့နယ် ၈

အပိုင်း(က)ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်အစီအစဉ် ၇

(၁) နိဒါန်း -ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၈

(က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

(၂) ကျေးရွာ၏ ပထဝီဝင်အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၁၀

(က) တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ ၁၁

(က) လူဦးရေဆိုင်ရာ အချက်အလက်များ

(ခ) စီးပွားရေးအခြေအနေ -ဝင်ငွေ ၊ပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေးနှင့်အဟာရ

(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ

(စ) ကျားမဆိုင်ရာ ဆက်နွယ်မှု

(၄) ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးတိုးတက်မှုအခြေအနေ ၁၃

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊သားငါးထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့်သဘာဝအရင်းအမြစ်များဆိုင်ရာ စီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

(စ) ပညာရေး၊ကျန်းမာရေး၊ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့်ယဉ်ကျေးမှု

(၅) အခြေခံအဆောက်အဦများအား လက်လှမ်းမီမှု- လမ်းတံတား၊လျှပ်စစ်စွမ်းအား၊

သတင်းနှင့်ဆက်သွယ်ရေး
(စျ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး
(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ ၁၇
အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ
(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ
(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့်ဗျူဟာ ၁၈
(၇) ကျေးရွာတိုးတက်မှု ကိစ္စရပ်များနှင့်ဗဟိုအဆင့်မူဝါဒများအကြားအစီအစဉ်ကျသော ၁၉
ချိတ်ဆက်မှုများ
(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့်အချိန်ကာလ ၂၀
(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်
(ခ) ကဏ္ဍနှင့် ရင်းနှီးမြုပ်နှံမှုကို အခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း
(ဂ) ဦးစားပေးစီမံချက်များ
(ဃ) အကောင်အထည်ဖော်မည့်အချိန်ကာလ
(၉) ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၂၆
(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ ၂၇
(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ
(ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ
(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ
(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက်
အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာအစီအစဉ်များ
(၁၁) စီမံကိန်းကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း ၂၉
(က) ကြီးကြပ်စစ်ဆေးခြင်း
(ခ) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း
(ဂ) နည်းပညာဆိုင်ရာ အကူအညီ

နောက်ဆက်တွဲ
နောက်ဆက်တွဲ (၁) စီမံကိန်းဧယားများ

(၁) လူမှုစီးပွားရေးအခြေအနေ

ဇယား-၁ လူဦးရေနှင့်လူဦးရေဆိုင်ရာ အချက်အလက်များ
ဇယား-၂ လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်းအမျိုးအစား
ဇယား-၃ လုပ်ငန်းနှင့်ကျား၊မအလိုက် အနည်းဆုံးနှင့် အများဆုံးလုပ်အားနှုန်းထား
ဇယား-၄ ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု
ဇယား-၅ ခါတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များ
ဇယား-၆ ဥစ္စာဓနအဆင့် အခြေအနေ
ဇယား-၇ ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံးနှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ
ဇယား-၈ ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ
ဇယား-၉ ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ
ဇယား-၁၀ ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

(၂) ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးရေး အခြေအနေ

ဇယား-၁၁ ကျေးရွာတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများ
ဇယား-၁၂ ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ
ဇယား-၁၃ ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့်အိမ်ထောင်စု
ဇယား-၁၄ ကျေးရွာ၏ ရေအရင်းအမြစ်နှင့်ရေသွင်းဧရိယာ
ဇယား-၁၅ အဓိကသီးနှံများနှင့် အထွက်နှုန်း
ဇယား-၁၆ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု
ဇယား-၁၇ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ
ဇယား-၁၈ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ
ဇယား-၁၉ မွေးမြူရေးနှင့် ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ
ဇယား-၂၀ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား-၂၁ မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား-၂၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ
ဇယား ၂၃-က စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ
ဇယား ၂၃-ခ စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် ပြဿနာနှင့် အခက်အခဲများ
ဇယား-၂၄ ရွှေ့ပြောင်းသွားလာမှု ဖြစ်ပေါ်လာပုံ၊ပုံစံနှင့် အချိန်ကာလ
ဇယား-၂၅ ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိကအကြောင်းရင်း

ဇယား-၂၆ ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ
ဇယား-၂၇ ကုန်စည်နှင့် ဝန်ဆောင်မှု၊ဈေးကွက်လက်လှမ်းမီမှု အခြေအနေ
ဇယား-၂၈ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း
ဇယား-၂၉ သဘာဝပတ်ဝန်းကျင်နှင့်သဘာဝရင်းမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ
ဇယား-၃၀ မူလတန်း၊အလယ်တန်း၊အထက်တန်းနှင့်တက္ကသိုလ်အဆင့် စာတတ်မြောက်မှုနှုန်း
ဇယား-၃၁ ကျောင်းတက်နှုန်း
ဇယား-၃၂ စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ
ဇယား-၃၃ ပညာရေးအခက်အခဲနှင့် ပြဿနာများ
ဇယား-၃၄ အဖြစ်များသော ရောဂါများ
ဇယား-၃၅ လွန်ခဲ့သော(၁၂)လအတွင်း ကာကွယ်ဆေးထိုးနှံမှုနှင့် အာဟာရဆန်းစစ်မှု
ဇယား-၃၆ ကျန်းမာရေးအထောက်အပံ့နှင့် ဝန်ဆောင်မှုများ
ဇယား-၃၇ သောက်သုံးရေရရှိနိုင်မှု
ဇယား-၃၈ အိမ်သာအမျိုးအစား
ဇယား-၃၉ ကျား-မ ကိစ္စရပ်ဆိုင်ရာ
ဇယား-၄၀ ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ
ဇယား-၄၁ ကျေးရွာ၏ တံတားတည်ရှိမှုအခြေအနေ
ဇယား-၄၂ ရေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား-၄၃ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား-၄၄ လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား-၄၅ ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာ အခြေအနေ
ဇယား-၄၆ ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး အခြေအနေ
ဇယား-၄၇ ဘေးကင်းလုံခြုံရေး၊ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု
ဇယား-၄၈ မှုခင်းဖြစ်ပွားမှု အခြေအနေ

နောက်ဆက်တွဲ(၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ

နောက်ဆက်တွဲ(၃) ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက်(ပြဿနာဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ)

ကိုးကားစာရင်း

အတိုကောက်စကားလုံးများ

AIDS ခုခံအားကျဆင်းမှုရောဂါ

DRD ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

HIV ခုခံအားကျဆင်းမှုရောဂါဖြစ်စေသောဗိုင်းရပ်စ်

MADB မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်

MEB မြန်မာ့စီးပွားရေးဘဏ်

MMK မြန်မာကျပ်

MOALI စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

NGO အစိုးရမဟုတ်သောအဖွဲ့အစည်း

PRA ကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင်ဆန်းစစ်အကဲဖြတ်ခြင်း

SLRD ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန

STD လိင်မှတစ်ဆင့် ကူးစက်တတ်သောရောဂါများ

PTA မိဘဆရာအသင်း

TB တီဘီရောဂါ

VDG ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည်၂၀၁၆/၂၀၁၇ဘဏ္ဍာရေးနှစ်မှ ၂၀၂၀/၂၀၂၁ခုနှစ်အထိ (၅)နှစ် ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး ဌာန၊ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီး သော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြ သော်လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ် နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင် ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေး ပါသည်။ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏာန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့ သော ကိန်းကဏာန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏာန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှရယူရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏာန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်သည် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက် လာသည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ဆက်လက်၍ နောင်တွင်လည်းကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှု များ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။


ဤအစီအစဉ်တွင် အပိုင်း(၂)ပိုင်းပါရှိပါသည်။အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီ အစဉ်တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ဦးစားပေးလုပ်ငန်းအစီအစဉ်များ၊ ဘတ်ဂျက် နှင့် ငွေကြေးဆိုင်ရာ ရရှိနိုင်မည့်လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။အပိုင်း(ခ)သည်

စီမံကိန်းဆိုင်ရာ အချက်အလက်၊အကြောင်းအရာများဖြစ်ပြီး အဆိုပြု စီမံကိန်း လုပ်ငန်းများ၏ အသေးစိတ်အချက်အလက်များပါဝင်ပါသည်။

မတ်လ၊၂၀၁၇

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
စန်းကားကျေးရွာ
ဝိုင်းမော်မြို့နယ်

စန်းကားကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ ဝိုင်းမော်မြို့နယ်



အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းအစီအစဉ်

၁ နိဒါန်း

၁.၁ ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်မည့်အစီအစဉ်သစ်ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏ အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူထုကိုယ်တိုင်တက်ကြွစွာ ပါဝင်၍ ရေးဆွဲခဲ့ပါသည်။ယခင်က ဖွံ့ဖြိုးရေးအစီ အစဉ်ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ်ရေးဆွဲပြီးနောက် ကျေးရွာ၏ဖွံ့ဖြိုးရေးဆိုင်ရာ အစီအစဉ်ကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကို အလေးထားမိလာကြပါသည်။ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သော ကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ရန် လိုအပ်သော နည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ်စေသော အချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊(၅)နှစ်တာကာလအပြီးတွင်ရရှိအောင် ဆောင်ရွက်လိုသည့်ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ကျေးရွာအနေနှင့် ဆောင်ရွက်မည့် နည်းဗျူဟာများ၊စီမံချက်များကို ရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများ လုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့်လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊အစိုးရမဟုတ်သောအဖွဲ့အစည်း များ၊အရပ်ဖက် လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ဘဏ်များ၊ စာပေပညာရှင်များ၊သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူ မှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကို သိရှိစေရန် မျှော်လင့်ပါသည်။

အစိုးရနှင့်အခြားအဖွဲ့အစည်းများအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ ကျေးရွာအဆင့်အားထုတ်မှုများအတွက် မူဝါဒနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့် တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏ လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန်၊ ဗျူဟာမြောက်ဆောင်ရွက် လာနိုင်မည်ဖြစ်သည်။

အစိုးရမဟုတ်သော အဖွဲ့အစည်းများ(NGOs)၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ(CSOs)နှင့် အလှူရှင်အဖွဲ့အစည်းများသည်ကျေးရွာလူထု၏ အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေးဆောင် ရွက်ရမည့်လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာ လိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော် တို့ ကျေးရွာနှင့်ဆိုင်သော ဌာနတို့၏ သုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူ့အရေး ရပ်တည်မှုပေးသည့် အဖွဲ့အစည်းများ အနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကို ရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊နိုင်ငံတကာ ငွေကြေးဆိုင်ရာအဖွဲ့အစည်းများ(ကမ္ဘာ့ဘဏ်၊အာရှဖွံ့ဖြိုးရေးဘဏ်) ၊နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းအနေဖြင့် ၎င်းတို့အချင်းချင်းပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်းစီစဉ်မှုများ ပြုလာနိုင်ပါ မည်။

၁.၂ **စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု**

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင် တတ်နိုင်သော ငွေကြေး၊အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့်အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများ ချမှတ်ခဲ့ပါသည်။ယခုအခါ ယင်းသို့မဟုတ်ဘဲကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင် ဖြင့် ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင်ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ဤတို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျပံ့ပိုးပေးရာ ရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ငွေကြေး အခက်အခဲ၊ နည်းပညာအခက်အခဲများရှိနိုင်ပါသည်။သို့ဖြစ်၍ လက်တွေ့အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအား အများဆုံးနှင့်အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကို ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ကျွန်ုပ်တို့၏ စွမ်းရည်နှင့် လိုအပ်သောအရင်းအနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်းတိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုးဖြစ်ပါ သည်။

(၂)**ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ**

(က) **တည်နေရာ၊ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား**

ကျေးရွာသည် နောင်ဟီး - ဝိုင်းမော်မြို့သို့သွားသော ကားလမ်းပေါ်တွင် တည်ရှိပြီး အုပ်ချုပ်ရေးရုံးစိုက်ရာ ဝိုင်းမော်မြို့နှင့် ဆက်သွယ်သွားလာရလွယ်ကူသည်။ကျေးရွာသည်မြေပြန့်ဒေသတွင် တည်ရှိပြီး အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများဖြစ်ကြသည်။ ဒေသ၏ တစ်နှစ်ပျမ်းမျှမိုးရေချိန်လက်မမှ (၆၀")မှ(၈၀")ဝန်းကျင်တွင် ရှိပြီး စိုက်ပျိုးရေးလုပ်ငန်းများအတွက် အသင့်တင့်အထောက်အကူပြုသည်။ ကျေးရွာတည်ရှိရာသည် ကုန်းတွင်းပိုင်းတွင်တည်ရှိသော ကျေးရွာဖြစ်သည်။ ကျေးရွာအနီးတွင် တောတောင်၊ မြစ်ချောင်းများမရှိဘဲ မြေပြင်အနေအထားမှာ မြေပြန့် ဖြစ်သည်။လယ်ယာမြေများသည် စပါး၊နှမ်း၊မုံညှင်း၊ပြောင်း အဓိကအားထားရာဖြစ်သည်။၂၀၁၆ဩဂုတ်လတွင် စန်းကားကျေးရွာနယ်မြေရှိ တာစန်းတစ်ဝန်းတွင် ရေကြီးရေလွှမ်းမှုဖြစ်မှုကြောင့် သီးနှံများဆုံးရှုံး ခဲ့ကြပါသည်။ အခြားနေရာမြေနိမ့်ဒေသများတွင် ရေလွှမ်းမိုးခြင်းဖြစ်နေသည်။

(ခ) **သဘာဝအရင်းအမြစ်**

လယ်ယာမြေအသင့်တင့်ရှိကြပြီး မြေပြန့်ဒေသဖြစ်ကာ မြေဆီအသင့်တင့်ကောင်းမွန်သည်။ ကျေးရွာတွင် သဘာဝသယံဇာတ မထွက်ရှိပါ။ စန်းကားကျေးရွာသည် မိုးရေဖြင့်လယ်မြေကေ(၁၈၀၀)ကို မိုးရေခံစိုက်ပျိုးကြပါသည်။ ဆည်မြောင်းရေ မသုံးကြပါ။

(၁) ပြောင်း-(၇၀၀)ဧက

(၂) နှမ်း -(၂၀၀)ဧက

(၃) မုံညှင်း -(၁၄၈)ဧက

(၃)**ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ**

(က) **လူဦးရေဆိုင်ရာအချက်အလက်**

အိမ်ထောင်စုပေါင်း(၄၅၂)စု၊ကျား(၁၃၀၅)ဦး၊မ(၁၂၉၄)ဦးဖြင့် စုစုပေါင်းလူဦးရေ(၂၅၉၉)ဦး တစ်အိမ်ထောင်လျှင် ပျမ်းမျှ(၆.၀)ဦးနှုန်းရှိပြီး နိုင်ငံတော်၏ တစ်အိမ်ထောင်ပျမ်းမျှ(၅)ဦးထက်(၁)ဦး ပိုများနေသည်။ ကျေးရွာတွင် ဗမာ၊ လော်ဝေါ်၊လာချိတ်၊ဂျိန်းဖော၊လီဆူ၊ဂေါ်ရခါး၊ရဝမ်၊ရခိုင်၊ချင်းလူမျိုးများ နေထိုင်ကြပြီး အလုပ်လုပ်နိုင်သော အရွယ်သည် ကျေးရွာရှိ လူဦးရေပေါင်း၏ (၆၄.၅၂%)ခန့်ရှိသဖြင့် လူသားအရင်းမြစ် ကောင်းတစ်ရပ်ဖြစ်ကာ လူငယ်များကို လေ့ကျင့်သင်ကြားပေးပြီး ဒေသစီးပွားရေး တိုးတက်အောင် စွမ်းဆောင်နိုင်သည်။ အလုပ်လုပ်နိုင်သော အရွယ်ရှိ အမျိုးသားဦးရေသည် အမျိုးသမီး ဦးရေထက် (၂.၀%)မျှ ပိုများပါသည်။

(ခ)**စီးပွားရေးအခြေအနေ-ဝင်ငွေ၊ပိုင်ဆိုင်မှုနှင့်မမျှတမှု**

အဓိကဝင်ငွေရလုပ်ငန်းသည် စိုက်ပျိုးရေးဖြစ်ပြီး တစ်ရွာလုံး၏ ဝင်ငွေအနေအထားမှာ သာမန်အားဖြင့် လျော့နည်းသည်။ဆင်းရဲချမ်းသာအဆင့်သတ်မှတ်မှုတွင် အိမ်ထောင်စုအားလုံး၏ (၆၆.၆%)သည် ဆင်းရဲနှင့်အလွန်ဆင်းရဲအိမ်ထောင်စုအဖြစ် ခံယူကြီးပြီး(၁၂.၄%)သည် ချမ်းသာသည့်အဆင့်၊(၂၁.၀၁%)သည် အလယ်အလတ်အဆင့် ရှိကြသည်ဟု သတ်မှတ်ကြသည်။ကျေးရွာတွင် လယ်မြေပိုင်ဆိုင်မှု၊လက်လှမ်းမှီမှု၊ လယ်ယာသုံးစက် ကိရိယာများပိုင်ဆိုင်မှုနှင့်ဆည်ရေသွင်းစိုက်ပျိုးနိုင်မှုတို့ကြောင့် ကျေးရွာစီးပွားရေးအနေအထားမှာ အသင့်တင့်ကောင်းသည်ဟု ပြောနိုင်သည်။ချမ်းသာသောလယ်သမား အိမ်ထောင်စုများအပြင် အခြားလယ်သမားအိမ်ထောင်စုအချို့မှာလည်း လက်သမား၊ပန်းရံ၊ဆန်ကြိတ် စက်၊သစ်ခွဲစက် စသော အသေးစားအိမ်တွင်းလုပ်ငန်းများတွင်လည်း ပါဝင်ဆောင်ရွက်ကြသည်။ငွေချေးသောအိမ်ထောင်စုအချို့နှင့် အစိုးရဝန်ထမ်းအချို့လည်း ငွေရေးကြေးရေးအသင့်တင့်အဆင်ပြေကြသည်။

ယင်းတို့အနက် ဆင်းရဲအဆင့်သည် ကျေးရွာတွင် အများဆုံးဖြစ်ပြီး မြေယာအနည်းငယ်ပိုင်သော လက်သမားများသည် လက်လုပ်လက်စား၊ ဆောက်လုပ်ရေးလုပ်ငန်းခွင်လုပ်သားများနှင့် မြေယာမဲ့အိမ်ထောင်စုများပါဝင်သည်။ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စုအရေအတွက်မြင့်မားပြီး (၇၈%)ထိ ရှိကာ ဆင်းရဲ၊အလွန်ဆင်းရဲအဆင့်ရှိ အိမ်ထောင်စုများဖြစ်ကြသည်။

(ဂ)**ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု**

ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စုများပြားသော်လည်း ရာသီအလိုက် လယ်ယာလုပ်ငန်း၊ ဆောက်လုပ်ရေးလုပ်ငန်း၊လက်လီ၊ခေါင်းရွက်ဗျပ်ထိုးလုပ်ငန်းများ၊ဆန်ကြိတ်စက်၊သစ်ခွဲစက်၊တစ်နိုင်တစ်ပိုင်မွေးမြူရေးလုပ်ငန်းများတွင် အလုပ်အကိုင်ရှာဖွေရရှိနိုင်ကြပါသည်။ကျေးရွာမှ ဆင်းရဲနှင့် အလွန် ဆင်းရဲအိမ်ထောင်စုများ၏ (၃၀%) ဖြစ်သော (၉၁)စုကို လေ့လာဆန်းစစ်မှုအရ ယင်းတို့၏(၉၇.၈၀%)မှာ သူတစ်ပါးထံမှ ချေးငှားပြီးမှ နှပ်မှန်စားသုံးနိုင်ကြောင်း၊(၄.၄%)မှာ သူတစ်ပါးထံမှ မချေးမငှားဘဲ (၃)လခန့် စားသုံးနိုင်ကြကြောင်း၊(၈၃.၅၁%)မှ (၃)လမှ(၅)လခန့်၊ (၂.၉၁%)မှ(၆)လခန့် သူတစ်ပါးထံမှ ချေးငှားစရာမလိုဘဲ နှပ်မှန်စားသုံးနိုင်ကြကြောင်း တွေ့ရှိရပါသည်။အကြွေးတင်ရှိမှုတွင် တွေ့ဆုံခဲ့သော အိမ်ထောင်စုအားလုံးသည် အကြွေးငွေ(၅၀၀၀၀)ကျပ်မှ (၈၀၀၀၀၀)ကျပ်အထိ တင်ရှိနေကြသည်။

အိမ်ထောင်စုအားလုံး၏ (၇၀%)ခန့်သည် အမျိုးသမီးဦးဆောင် အိမ်ထောင်စုများဖြစ်ကြပြီး ထိုအိမ်ထောင်စုများမှာ ဆင်းရဲကာ မိသားစုဦးရေများပြားကြသည်။အလားတူ အိမ်ထောင်ဦးစီးက ရွာပြင်ပတွင် သွားရောက်အလုပ်လုပ်နေကြသော အိမ်ထောင်စု(၅၀)စုနှင့် မုဆိုးဖို၊တစ်ခုလပ် ဦးဆောင်သည့် အိမ်ထောင်စု(၂၃)စုသည် ဆင်းရဲပြီး ထိခိုက် လွယ်သော အိမ်ထောင်စုများဖြစ်ကြသည်။

အခြားထိခိုက်လွယ်သော အိမ်ထောင်စုများမှာ မသန်စွမ်း(၄)ဦးနှင့်မိသားစုစောင့်ရှောက်မှု နည်းသူများဖြစ်သည့် သက်ကြီးရွယ်အို(၅)ဦးတို့ဖြစ်ကြသည်။ရွာပြင်ပသို့ သွားရောက်ပြီး ဝင်ငွေရရှိရေး အတွက် အလုပ်သွားရောက်လုပ်ကိုင်ကြသည့် လူငယ်လူရွယ်များသည် လိင်မှတဆင့် ကူးစက်တတ်သည့် ရောဂါများအရက်နှင့် မူးယစ်ဆေးဝါးသုံးစွဲမှုအန္တရာယ်တို့ ရှိတတ်ကြသည်။

ယခုနှစ်ပိုင်းများတွင် လမ်းများတွင် ယာဉ်မတော်တဆဖြစ်ပွားမှုများပြားလာခဲ့သည်။လွန်ခဲ့သောနှစ်က ယာဉ်မတော်တဆမှု(၅)ခုဖြစ်ပွားခဲ့ပြီး အနာတကြီး မဖြစ်ကြကြောင်း တွေ့ရှိရပါသည်။

(ဃ)**ကျန်းမာရေးနှင့်အဟာရ**

ကျေးရွာတွင် ရွာသားအများစုသည် သာမန်အားဖြင့် ကျန်းမာရေးကောင်းမွန်ကြပြီး အာဟာရပြည့်ဝမှုရှိကြသည်။ကလေးငယ်အများစုလည်း ကျန်းမာကြသည်။သွေးလွန်တုပ်ကွေးရောဂါမှာ ယခုနှစ်ပိုင်းတွင် နည်းပါးကြောင်းတွေ့ရသည်။အမျိုးသမီး၊လူငယ်လူရွယ်၊သက်ကြီးပိုင်းတို့သည်လည်း တစ်ကိုယ်ရည်သန့်ရှင်းရေးနှင့်ကျန်းမာရေးအသိအမြင်များ ရှိကြသည်။ကျေးရွာသားများအနေဖြင့် အခြေခံကျန်းမာရေးစောင့်ရှောက်မှုများကို ကျေးရွာတွင် ရရှိနိုင်ကြပြီး (၁)ဖာလုံသာ ဝေးပါသည်။ကား လမ်းအလွယ်တကူသွားလာနိုင်သော မြို့နယ်ဆေးရုံ၊ဆေးဆိုင်များနှင့်လည်း လက်လှမ်းမှီသည်။

ကျေးရွာတွင် ရေတွင်း၊ရေဘုံဘိုင်များမှ မြေအောက်ရေကို အလွယ်တကူရနိုင်ကြပြီး ဝမ်းပျက်ဝမ်းလျှော၊တိုက်ဖွိုက်၊အစာအိမ်ရောင် စသော ရောဂါဖြစ်ပွားမှုများ နည်းပါးကြောင်းတွေ့ရ သည်။

(င)**ပညာရေးနှင့် ကျွမ်းကျင်မှုများ**

ကျေးရွာ၏ ပညာရေးအဆင့်အတန်းသည် အတော်အသင့်ရှိကြောင်း တွေ့ရှိရပါသည်။ရွာသား အများစုသည် အခြေခံအရေး၊အဖတ်၊အတွက် တို့ကို တတ်မြောက်ကြပြီး ဘွဲ့ရအရေအတွက် အသင့်တင့်များပြားသည်။ ကျေးရွာတွင် အခြေခံပညာရေးကို ရွာထဲရှိ မူလတန်း၊အလယ်တန်း၊အထက်တန်းကျောင်း ခွဲတို့တွင် တက်ရောက်သင်ကြားနိုင်ကြသည်။သို့သော် အသက်မွေးဝမ်းကျောင်းကျွမ်းကျင်မှုများမှာ နိမ့်ကျဆဲဖြစ်ပြီး လူငယ်လူရွယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းများ နည်းပါးဆဲဖြစ်သည်။

(စ)**ကျား-မရေးရာကိစ္စဆိုင်ရာ**

ကျေးရွာတွင် ကျား-မရေးရာ ကိစ္စရပ်ဆိုင်ရာ အနေအထားမှာ လွတ်လမ်မှုရှိသည်။ကျား-မ ရေးရာဆိုင်ရာ တာဝန်ယူမှုအပိုင်းတွင်းလည်း ကျေးရွာလူမှုအဖွဲ့အစည်း၏ စံနှုန်းများအရ ကောင်းစွာ သတ်မှတ်ထားကြသည်။ကျေးရွာတွင် ကျားနှင့်မအကြား ပြင်းထန်သော အိမ်တွင်းအကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံခြင်းကိစ္စများ မတွေ့ရပါ။

ကျေးရွာတွင် အမျိုးသား၊အမျိုးသမီးများသည် သာမာန်အားဖြင့် ပညာရေးနှင့်အခြားနယ်ပယ်များတွင် အခွင့်အရေးတူညီစွာရရှိသည်ဟု ယေဘုယျပြောနိုင်သည်။ပညာရေးနှင့်ဆိုင်သော ကိန်းဂဏန်း များတွင် မူလတန်းအဆင့်၌

ကျား-၃၄၅ဦး၊မ-၃၆၀ဦးရှိနေသော်လည်း အလယ်တန်းနှင့်အထက်တန်းများတွင် မ အရေအတွက်မှာ ကျား အရေအတွက်ထက် ပိုများနေ၍ အမျိုးသမီးများအတွက် ပညာသင်ယူရေးဆိုင်ရာ အခွင့်အလမ်းမှာ အမျိုးသားများနှင့် အတူတူပင် ဖြစ်သည်။

မူလတန်း - ကျား ၁၅၂ဦး၊ မ - ၁၆၁ဦး
အလယ်တန်း - ကျား ၁၃၄ဦး၊ မ - ၁၂၀ဦး

အထက်တန်း - ကျား ၃၆ဦး၊ မ - ၆၅ဦး ပညာသင်ယူနေကြသည်။

သို့သော် ကျေးရွာတွင် နေ့တွက်လုပ်အားခငွေများမှာ အမျိုးသားများက ပိုမိုရကြသည်။ဥပမာအားဖြင့် လုပ်အားသဘာဝနှင့် အင်အားစိုက်ထုတ်ရမှု တူညီသော်လည်း အမျိုးသမီးများသည် အမျိုးသားများထက် လုပ်အားခလျော့နည်းပြီး ရကြသည်။အုပ်ချုပ်ရေးအဖွဲ့အစည်းများတွင်မူ အမျိုးသမီးပါဝင်မှုတို့မှာ အလွန်လျော့နည်းလျက်ရှိသည်။ကျား-မတန်းတူညီမျှမှုနှင့်ပတ်သက်၍ အသိပညာပေးခြင်းများ မြှင့်တင်ဆောင်ရွက်ပေးခြင်းဖြင့် ကျား-မတန်းတူညီမျှမှု၊ ဖွံ့ဖြိုးမှုတို့အတွက် ပိုမိုအထောက်အပံ့ဖြစ်လာနိုင် ပါသည်။

၄။ **ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ**

(က) **ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှု**

ကျေးရွာတွင် လူမှုရေးဆိုင်ရာအဖွဲ့အစည်း(၈)ဖွဲ့၊ဘာသာရေးနှင့်ယဉ်ကျေးမှုဆိုင်ရာအဖွဲ့(၇)ဖွဲ့ တို့ရှိသည်။ ယင်းအဖွဲ့အနက် ပြင်ပမှဖွဲ့စည်းပေးသော လူမှုရေးဆိုင်ရာအဖွဲ့ဖြစ်သည့် အမျိုးသမီးရေးရာအဖွဲ့မှာ လှုပ်ရှားမှုအားနည်းသည်။နားရေးကူညီမှုအသင်းမရှိကြပါ။ အသင်းတော်မှသာ တာဝန်ယူသည်။ မြန်မာ့အသေးစားငွေစုငွေချေး သမဝါယမ၊ မြစိမ်းရောင်၊အသေးစားငွေစုလုပ်ငန်းကို လည်ပတ်ဆောင် ရွက်လျက်ရှိကြသည်။ကျေးရွာရှိ အဆိုပါအဖွဲ့အစည်းများမှာ တစ်ဖွဲ့နှင့်တစ်ဖွဲ့အကြား ချိတ်ဆက်ဆောင် ရွက်မှု၊အဖွဲ့အစည်းဆိုင်ရာ သဘောတရားတို့နှင့် ပတ်သက်၍ အားနည်းကြပြီး အဖွဲ့အစည်းများစွမ်း ဆောင်ရည်မြှင့်တင်ရေးသင်တန်းများ ရရှိနိုင်ပါက ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှု ပိုမိုတိုးတက်ကောင်း မွန်လာနိုင်ပါသည်။

(ခ)**သီးနှံနှင့် သားငါးထုတ်လုပ်ရေးကဏ္ဍ**

ကျေးရွာတွင် စပါးနှင့်နှမ်း၊ပြောင်း၊မုံညှင်း အဓိကထားစိုက်ပျိုးကြသည်။ မိုးစပါးစိုက်ဧက (၁၈၀၀)ကေကို စိုက်ပျိုးကြသည်။မိုးစပါးပျမ်းမျှအထွက်မှာ (၁)ဧကလျှင် (၄၀.၅)တင်းထွက်ရှိကြသည်။ မိုးရေခံစိုက်ပျိုးရေးစနစ်ဖြင့် စိုက်ပျိုးကြပါသည်။

စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာဝန်ဆောင်မှုများ ရရှိနိုင်ကြပြီး စိုက်ပျိုးရေးပစ္စည်းကုမ္ပဏီ များမှလည်း တောင်သူများအတွက် ဝန်ဆောင်မှုများပေးသည်။တောင်သူအများစုသည် လယ်ယာလုပ်ငန်းခွင်အတွက် အလုပ်သမားမလုံလောက်မှုပြဿနာကို ရင်ဆိုင်ရတတ်ပြီး လုပ်အားခပိုမိုပေးမှ အလုပ် သမားများကို ငှားရမ်းရရှိနိုင်ကြကာ

ကုန်ကျစရိတ်မြင့်မားရသည်။အချို့တောင်သူများမှာ အလုပ်သမားရှားပါးမှုနှင့် ကုန်ကျစရိတ်မြင့်တက်မှုတို့ကို ကျော်လွှားနိုင်ရန် စပါးစိုက်ရာတွင် ကြဲပက်စနစ်ကို သုံးကြသည်။တောင်သူများသည် တခါတရံတွင်မိုးရွာသွန်းမှု မညီမျှမှုနှင့် ရင်ဆိုင်ရာတတ်သည်။မတ်ပဲစိုက်ခင်း များတွင် ဖျက်ပိုးကျရောက်မှုကို ပိုမိုတွေ့ရပြီး ယင်းဖျက်ပိုးများသည် ပိုးသတ်ဆေးအချို့ကို ခံနိုင်စွမ်းရှိကြ သဖြင့် တောင်သူများအနေဖြင့် ထိရောက်သောဖျက်ပိုးနှိမ်နှင်းရေးနည်းစနစ်ကို လိုလားနေကြသည်။

ကျေးရွာတွင် ဝက်မွေးသူအိမ်ထောင်စုအရေအတွက်မှာ တစ်ရွာလုံး၏(၂၂%)ဝန်းကျင်သာရှိပြီး ဒေသမှ ဝက်မျိုးများကို မွေးမြူကြသည်။ဒေသကြက်မွေးသည့်အိမ်ထောင်စုလည်း တစ်ရွာလုံး၏(၇၅%) ခန့်ရှိပြီး ဈေးကွက်တွင် ဝယ်လိုအားရှိသည်။ရာသီအလိုက် ဖြစ်ပွားတတ်သော တိရစ္ဆာန်ရောဂါများ အထူးအဖြင့် ကြက်လည်လိမ်ရောဂါသည် အဖြစ်များပြီးရောဂါကြောင့် သေဆုံးပျက်စီးမှုများရှိတတ်သည်။နည်းပညာဝန်ဆောင်မှုကို မြို့နယ်မွေး/ကုဋီစီးဌာနမှ ရရှိနိုင်သော်လည်း ဝန်ထမ်းမလုံလောက်မှုကြောင့် လွှမ်းခြုံဆောင်ရွက်ပေးနိုင်မှု အားနည်းသည်။ မွေးမြူရေးလုပ်ငန်းပိုင်းဆိုင်ရာ အဟန့်အတားများအနေဖြင့် ဆင်းရဲသောအိမ်ထောင်စုများက မွေးမြူရေးလုပ်ငန်း တည်ထောင်၊ တိုးချဲ့ဆောင်ရွက်ရန်ချေးငွေကို အလွယ်တကူမရရှိနိုင်ကြချေ။ ရွာထဲမှ ငွေချေးသူများထံမှ ချေးငှားလျှင်လည်း အတိုးနှုန်းမှာ မြင့်မားတတ်သည်။ကျေးရွာတွင် မွေးမြူရန်ရေမြေနေရာ အဆင်မပြေသောကြောင့် ငါးမွေးမြူရေးလုပ်ငန်းများ အနည်းအကျင်းသာရှိသည်။

(ဂ) **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ**

ကျေးရွာတွင် အိမ်တွင်းမှုကုန်ထုတ်လုပ်ငန်းမရှိပါ။အခြားဝင်ငွေလုပ်ငန်းများမှာ နေ့စားအလုပ် များ၊သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုများ၊ဈေးရောင်း၊အစိုးရဝန်ထမ်းလုပ်ငန်းတို့ ဖြစ်ကြသည်။အခြား လုပ်ငန်းအများစုမှာ ရာသီဥတုနှင့် အမျိုးအစားအလိုက် တွက်ချေကိုက်မှုအနည်းအပါးမှ အသင့်တင့် အနေအထားတွင်ရှိသည်။ လက်လုပ်လက်စား အလုပ်များမှာ စိုက်ပျိုးရာသီများတွင်သာ အလုပ်အကိုင်များပြီး ကျန်အချိန်များတွင် အလုပ်အကိုင်နှင့် ဝင်ငွေ မမှန်ခြင်းကြောင့် တွက်ခြေကိုက်မှုနည်းပါးသည်။

(ဃ) **သဘာဝပတ်ဝန်းကျင်နှင့် သယံဇာတစီမံခန့်ခွဲမှု**

ကျေးရွာတွင်ကုမ္ပဏီများလာရောက်လုပ်ကိုင်သောကြောင့် ဖျက်ပိုးများကျရောက်တတ်ခြင်းကြောင့် ပိုးသတ်ဆေးနှင့်ဓါတုမြေဩဇာသုံးစွဲမှုများပြားသဖြင့် မြေဆီလွှာအရည်အသွေး ကျဆင်းလာနိုင် သည်။တောင်သူများအနေဖြင့် ဘက်စုံပိုးမွှားနှိမ်နှင်းရေးစနစ်အစား ဓါတုပိုးသတ်ဆေးများကိုသာ အသုံးပြုမှုများပြားသည်။ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုတွင်လည်း ပလတ်စတစ်အိတ်ခွံ၊ပုလင်းခွံ၊ဗူးခွံများကို စနစ်တကျမစွန့်ပစ်ကြသဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက် ပေးသင့်သည်။

ရေကြီးရေလျှံဖြစ်ခြင်း၊ကုန်းတွင်းဒေသဖြစ်ခြင်းကြောင့် မုန်တိုင်းဘေးအန္တရာယ်တို့ နည်းပါးသည်။အားပျော့သော မုန်တိုင်းဝင်ရောက်မှုသာ တခါတရံကြုံတွေ့ရတတ်သည်။အခါအားလျော်စွာ ကျရောက်တတ်သော မိုးခေါင်ခြင်းက သဘာဝအန္တရာယ်တစ်ရပ်အနေဖြင့် ရှိနေဆဲဖြစ်ပါသည်။

(c)**ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု**

ကျေးရွာမှ တောင်သူများသည် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးသောချေးငွေကို (၁)နှစ် အတိုးနှုန်း (၁)ကျပ်တိုး၊(၁)ဧက (၁)သိန်းကျပ်နှုန်းဖြင့် အများဆုံး(၁၀)ဧကအတွက် ချေးယူနိုင်ကြသည်။ကျေးရွာတွင် အချို့အိမ်ထောင်စုများမှာ ရွာထဲမှ ငွေတိုးချေးစားသူများထံမှ (၁)နှစ်အတိုး (၅)ကျပ်မှ (၁၀)ကျပ်ထိ ချေးယူနိုင်ကြပါသည်။ ကော်မတီပေါင်း(၂၅)ဦးရှိပါသည်။

မြစိမ်းရောင်အဖွဲ့မှ (၁)ကျပ်တိုးနှုန်းဖြင့် ချေးယူနိုင်ကြပြီး သမဝါယမအသင်းအဖွဲ့မှ (၁)ကျပ်ခွဲ နှုန်းဖြင့် ချေးယူနေကြပါသည်။

ကျေးရွာသားအများစုသည် ချေးငွေကို အကြောင်းရင်းမျိုးစုံ (ရိက္ခာ၊ ကျန်းမာရေး၊ ပညာရေး)တို့အတွက် အထူးသဖြင့် စားနပ်ရိက္ခာအတွက် ချေးယူကြပြီး ကျေးရွာတွင် ချေးငွေလိုအပ်ချက်များပြားကြောင်း တွေ့ရှိရပါသည်။ ကျေးရွာတွင် အကြွေးထားရှိမှုအနေအထားကို လေ့လာဆန်းစစ်ခဲ့ချက်အရ ပါဝင်သောဆင်းရဲနှင့် အလွန်ဆင်းရဲအိမ်ထောင်စုများအားလုံးသည် အကြွေးယူထားကြပြီး အကြွေးငွေ (၅၀၀၀၀)ကျပ်မှ(၈၀၀၀၀၀)ကျပ်အထိ ချေးယူထားကြောင်း တွေ့ရှိရပါသည်။ထိုအိမ်ထောင်စုများ၏ (၈၃.၅၁%)သည် အကြွေးငွေ(၅၀၀၀၀၀)အောက် ချေးယူထားပြီး (၁၆.၅%)သည် ငါးသိန်းအထက် ချေးယူ ထားကြောင်း တွေ့ရှိခဲ့ပါသည်။

(d) **ပညာရေး၊ကျန်းမာရေး၊ရေနှင့် သဘာဝပတ်ဝန်းကျင်သန့်ရှင်းရေး**

ကျေးရွာတွင် မူလတန်းအဆောင်ကို(၁၀၀'x၃၀'x၁၃')အရွယ်ရှိ သွပ်မိုး၊အုတ်နံရံကာနှင့် အင်္ဂတေအခင်းကျောင်းဆောင်နှင့် အလယ်တန်းနှင့်(၂)ထပ်ဆောင် (၁၅၀'x၃၀'x၃၀')အရွယ်ရှိ သွပ်မိုး၊ အုတ်နံရံကာ၊ အင်္ဂတေအခင်းကျောင်းဆောင်တွင် သင်ကြားပေးသည်။ မူလတန်းအောင် ရာခိုင်နှုန်းလည်း မြင့်မားသည်။ယခုနှစ်ကျောင်းအပ်နှံသည့်နှုန်းထားသည် ကျေးရွာရှိ မူလတန်းအရွယ်နှင့် အလယ်တန်း အရွယ်ရှိသူ အရေအတွက်ထက် ပိုနေကြောင်း တွေ့ရှိရကာ ၎င်းမှာ မူလတန်းတွင် (၉)နှစ်၊ အလယ်တန်းတွင်(၁၄)နှစ်ထက်ကြီးသော ကျောင်းသားများပါရှိခြင်း၊ အနီးရပ်ကွက်မှ ကျောင်းသားများ တက်ရောက်နေကြခြင်းတို့ကြောင့် ဖြစ်သည်။မူလတန်းတွင် ကျား(၁၅၂)ဦး၊ မ(၁၆၁)ဦး၊အလယ်တန်းတွင် ကျား (၁၃၄)ဦး၊ မ(၁၂၀)ဦးနှင့်အထက်တန်းတွင် ကျား(၃၆)ဦး၊မ(၆၅)ဦးရှိပြီး တက္ကသိုလ်တွင်ကျား(၂၅)ဦး၊ မ(၂၄)ဦး တို့ တက်ရောက်သင်ယူလျှက်ရှိသည်။

ကျောင်းတွင် ပရိဘောဂလုံလောက်မှုမရှိပါ။မူလတန်းတွင် ဆရာ/မ(၄)ဦး၊အလယ်တန်းတွင် ဆရာ/မ(၉)ဦး နှင့်အထက်တန်းတွင်ဆရာ/မ(၇)ဦးတို့ ရှိကြသည်။ လွန်ခဲ့သောကျောင်းဖွင့်ရာသီက မူလတန်း ကျောင်းသားများ အတွက် ပြဋ္ဌာန်းစာအုပ်များနှင့် လေ့ကျင့်ခန်းစာအုပ်များကို အခမဲ့ ပံ့ပိုးပေးခဲ့ သည်။

ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဆေးပေးခန်းရှိပါသည်။ကျေးလက်ကျန်းမာရေးဆရာမ (၁)ဦးရှိသဖြင့် ရွာသူ/သားများအတွက် ကျန်းမာရေးဝန်ဆောင်မှုတို့နှင့် လက်လှမ်းမှီသည်။ကျေးရွာလျှပ်စစ်မီးရရှိသော ကျေးရွာ ဖြစ်သည့်အလျောက် အအေးခန်းဖြင့် သိုလှောင်ရန်လိုအပ်သောဆေးများအတွက် ရေခဲသတ္တာသုံးပြီး သိုလှောင် ထားနိုင်ခြင်း မရှိသေးပါ။

သောက်ရေအတွက် ရေဘုံဘိုင်နှင့်မော်တာသုံးရေတုံကင်များ ရေတွင်းတွင် တပ်ဆင်သုံးစွဲ ကြပြီး လုံလောက် မှုရှိသည်။ချမ်းသာသောအိမ်ထောင်စုများက အိမ်သာကျင်းကို အုတ်ဖြင့်ဆောက်လုပ်ထားကြပြီး ဆင်းရဲသော အိမ်ထောင်စုများက ဝါးရိုင်ပတ်ဖြင့် ဆောက်လုပ်သုံးစွဲကြသည်။တစ်ရွာလုံးနီးပါး ယင်လုံအိမ်သာဆောက်လုပ်သုံးစွဲ ကြသဖြင့် ရေကြောင့်ဆက်စပ်ဖြစ်ပွားတတ်သော ရောဂါဖြစ်ပွားမှုများ နည်းပါးသည်။စာသင်ကျောင်းတွင်လည်း ကျောင်းအိမ်သာမှာ စနစ်တကျဆောက်လုပ်ထားပြီး ကျောင်း သား/သူများအတွက် အသုံးပြုရန်လွယ်ကူသည်။

(ဆ)**လူငယ်နှင့် ယဉ်ကျေးမှု**

လူငယ်များအတွက် အပန်းဖြေအနားယူနိုင်မည့်အနေအထားသီးသန့်မရှိပေ။သူတို့သည် ကျေးရွာရှိ လူမှုရေး လုပ်ငန်းများတွင် တက်ကြွစွာပါဝင်ဆောင်ရွက်ကြပြီး ဘာသာရေးပွဲတော်များတွင်လည်း ရိုးရာအကများဖြင့် တင် ဆက် ပါဝင်ကြသည်။ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ဆောင်ရွက်သည့် ဖွံ့ဖြိုးရေးလုပ်ငန်း သီးသန့်ဖော် ဆောင်ခြင်း မရှိသေးချေ။အားကစားဘက်တွင်လည်း အင်အားထက်သန်စွာ ပါဝင်ကစားနေကြပါသည်။

(ဇ)**အခြေခံအဆောက်အဦ-လမ်းတံတား၊လျှပ်စစ်စွမ်းအား၊သတင်းနှင့်ဆက်သွယ်ရေး**

၂၀၁၆ခုနှစ်၊စက်တင်ဘာလတွင် ကျေးရွာရှိ လမ်းများတွင် သဲကျောက်ဖြန့်ပေးသည်။ ကျေးရွာရှိရွာတွင်း လမ်းမှာ မြေသားလမ်းဖြစ်ပြီး ထော်လာဂျီများကို အသုံးပြုမောင်းနှင်ကြသည်။ရေလမ်းခရီး အသုံးပြုမောင်းနှင်ကြ သည်။ ရေလမ်းခရီးအသုံးပြုမှုမရှိဘဲ လမ်းပန်းဆက်သွယ်ရေးအတွက် မော်တော်၊ ဆိုင်ကယ်(၄၆၅)စီးနှင့် စက်ဘီး (၈၄)စီး၊ထော်လာဂျီ(၁၉)စီးနှင့်ထရပ်ကား(၁၉)စီးတို့ကို အသုံးလျှက်ရှိ ကြသည်။

ယခုလက်ရှိကျေးရွာတွင် လျှပ်စစ်မီးကို ၂၀၁၆ခုနှစ်စ၍ ဆက်သွယ်ထားရှိပြီး ကျေးရွာရှိ အိမ်ထောင်စု အားလုံး၏ (၃၀%)ခန့်သည်သွယ်တန်းအသုံးပြုနေကြပြီးဖြစ်သည်။ကျေးရွာတွင် မိုဘိုင်းဖုန်း ဆက်သွယ်ရေးမှာ (၆၉၇)လုံးနှင့်အခြားဝန်ဆောင်မှုလုပ်ငန်းများအတွက် လက်လှမ်းမှီအသုံးပြုနိုင်ကြသည်။ရွာထဲတွင် စာကြည့်တိုက် မရှိသေးပါ။ သတင်းစာ၊ဂျာနယ်တို့ကိုလည်း ဝယ်ယူဖတ်ရှုကြပြီး တစ်ရွာလုံးအတိုင်းအတာဖြင့် တယ်လီဖုန်းနှင့် သတင်းဆက်သွယ်ရေးမှာ အတော်အသင့် ကောင်းမွန်ကြောင်း တွေ့ရှိရပါသည်။

(ဈ)**တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး**

ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွားမှု နည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်ကူးသန်းရောင်းဝယ်မှုကို ချောမွေ့စေသည်။သို့သော် ရွာသားများသည် မိုဘိုင်းတယ်လီဖုန်းဆက်သွယ်ရေးကို အသုံးပြနိုင်ကြပြီး လို အပ်သော သတင်းအရင်းအမြစ်များအတွက် လိုအပ်သလို ဆက်သွယ်သိရှိနိုင်သည်။ အာမခံစနစ်ကို ချိတ်ဆက် အသုံး ပြုနိုင်သော်လည်း ချိတ်ဆက်ဆောင်ရွက်ထားသူ မရှိ သလောက်ပင်ဖြစ်သည်။ ကျေးရွာတွင် သဘာဝဘေး အန္တရာယ်လျော့ပါးရေး အစီအစဉ်သီးသန့်ရေးဆွဲထားကြပါသည်။ရွာသားများသည် ရဲစခန်းသို့ အလွယ်တကူ ချိတ် ဆက်နိုင်ပြီး ကျေးရွာတွင် ရာဇဝတ်မှု ဖြစ်ပွားခြင်းနည်းပါးသည်။

၅။ဖွံ့ဖြိုးရေးအတွက်အထောက်အပံ့ဖြစ်စေမည့်အခြေအနေကောင်းများ၊အဟန့်အတားနှင့်စိန်ခေါ်မှုများ

(က) ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည့်အခြေအနေများ

ကျေးရွာတွင် လျှပ်စစ်မီးကို မဟာဓါတ်အားလိုင်းမှ ချိတ်ဆက်သုံးစွဲနိုင်ကြသဖြင့် ထင်း သက်သာသည့် လျှပ်စစ်မီးဖိုဖြင့် ချက်ပြုတ်ခြင်း၊ ကျောင်းသူ/သားများအတွက် စာဖတ်ချိန်အထောက်အပံ့ ဖြစ်ခြင်းစသော လူနေမှု အဆင့်အတန်းမြင့်မားရေးအတွက် အထောက်အကူပြုနေသည်။

လူငယ်ပညာတတ်များရှိပြီး လူဦးရေအားလုံး၏ (၆၀%)မှာ အလုပ်လုပ်နိုင်သည့်အရွယ်များ ဖြစ်ကြသည်။ ဘွဲ့ရအရေအတွက် အသင့်တင့်ရှိပြီး ကျွမ်းကျင်မှုနှင့် အသက်မွေးဝမ်းကျောင်းသင်တန်းများကို လူငယ်များကို လေ့ကျင့်သင်ကြားပေးခြင်းဖြင့် လူသားအရင်းအမြစ်များကို တိုးတက်ကောင်းမွန်စေပါမည်။ကျေးရွာလူထု၏ ကျန်းမာရေးအခြေအနေမှာ ယေဘုယျအားဖြင့်ကောင်းမွန်ပြီး တိုးတက် ကောင်းမွန်စေပါမည်။ ကျေးရွာလူထု၏ ကျန်းမာရေးအခြေအနေမှာ ယေဘုယျအားဖြင့် ကောင်းမွန်ပြီး ကျန်းမာရေးပံ့ပိုးပစ္စည်းများနှင့် ဝန်ဆောင်မှုများသို့ လည်း အလွယ်တကူလက်လှမ်းမှီနိုင်ကြသည်။ ကျေးရွာသားများအနေဖြင့် စိုးရိမ်ရသောဆေးဝါးကုသလိုမှုများ ခံယူနိုင်ကြသည်။ကျေးရွာသားများအနေဖြင့် စိုးရိမ်ရသော ဆေးဝါးကုသလိုမှုအတွက်လည်း ဝိုင်းမော်၊မြစ်ကြီးနား ဆေးရုံသို့ သွားရောက်ပြီး ဆေးကုသမှုများ ခံယူနိုင်ကြသည်။ကျေးရွာတွင် စာသင်ကျောင်းနှင့်ပံ့ပိုးပစ္စည်းများမှာ လက်ရှိ ပညာရေး အနေအထားအတွက် အသင့်တင့်တွင်ရှိနေကြသည်။

သဘာဝအရင်းအမြစ်များတွင် လယ်မြေများသည် မြေပြန့်ဖြစ်ပြီး မြေဆီဩဇာအတော် အသင့်ကောင်းမွန် သည်။တောင်သူများလည်း လယ်ယာထွက်ကုန်များကို အလွယ်တကူပို့ဆောင်ပေးနိုင် သည်။မိုးရွာသွန်းမှုမှာ စပါးနှင့် ဆောင်းသီးနှံများစိုက်ပျိုးရန် အထောက်အပံ့ဖြစ်သည်။ကျေးရွာမှ မြစ်ကြီးနားသို့ သယ်ယူပို့ဆောင်ရန် မိုင်(၂၀)ကျော် သွားရသည်။လမ်းပန်းဆက်သွယ်ရေးကောင်းမွန် သဖြင့် ကျေးရွာထွက်ကုန်များကို အချိန်မှီ တင်ပို့ရောင်းချနိုင်သည်။

ကျေးရွာတွင် မွေးမြူရေးထွက်ကုန်ရောင်းချရန်စျေးကွက်ကောင်းသဖြင့် အထူးသဖြင့် ကြက်နှင့်ဝက်ကို တိုးချဲ့မွေးမြူရန် အခွင့်အလမ်းသာသည်။သို့သော် မွေး/ကုဋီစီးဌာနမှ လိုအပ်သော နည်းပညာပိုင်းဆိုင်ရာ ပံ့ပိုးမှုကို လည်း တိုးမြှင့်ဆောင်ရက်ပေးရန် လိုအပ်သည်။

(ခ)**အဟန့်အတားနှင့်စိန်ခေါ်မှု**

ကျေးရွာရှိ လယ်ယာမြေများမှာ မြေဆီလွှာ အသင့်တင့်ကောင်းမွန်သည်မှအပ အခြား သယံဇာတများ မထွက်ရှိပါ။လယ်ယာမြေကို ကုမ္ပဏီများထံ ငှားရမ်းနေကြကြောင်း တွေ့ရှိရပါသည်။

စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာပိုင်းဆိုင်ရာ ဝန်ဆောင်မှုကို ရရှိနိုင်သော်လည်း ဖျက်ပိုး နှိမ်နှင်းရေးနှင့် ပတ်သက်၍ ထိရောက်စွာ အကောင်အထည်ဖော်ပေးသော အစီအစဉ်မရှိသေးပါ။ တောင်သူများအနေဖြင့် ဘက်စုံပိုးမွှားနှိမ်နှင်းရေးကျင့်သုံးနိုင်ရေးအထောက်အပံ့များ ရရှိရန်လိုအပ်သည်။ကျေးရွာတွင် ငွေတိုးချေးယူသူများရှိသော်လည်း အတိုးနှုန်းမှာ မြင့်မားတတ်သည်။ဘဏ်များမှ ကျေးရွာအရောက်ဝန်ဆောင်မှုပေးသော စနစ်လည်းမရှိဘဲ ချေးငွေလိုအပ်သော အိမ်ထောင်စုများမှာ စီးပွားရေးဘဏ်၊ဖွံ့ဖြိုးရေးဘဏ်များမှ ငွေချေးရန်စာရွက်စာတမ်းလိုအပ်ချက်များ ဖြည့်စွက်ရာတွင်လည်း အခက်အခဲကြုံတွေ့ရတတ်သည်။

ကျေးရွာတွင် အိမ်တွင်းမှုထုတ်ကုန်လုပ်ငန်းများ မရှိသဖြင့် အလုပ်အကိုင်နှင့် ဝင်ငွေ ပုံမှန်ရရှိရေးအတွက် အကန့်အသတ်ရှိနေပါသည်။ဒေသတွင်လည်း အိမ်တွင်းမှုကုန်ထုတ်လုပ်ငန်းအတွက် ကုန် ကြမ်း၊တတ်သိပညာ၊အထိအတွေ့တို့ နည်းပါးသည်။ နေ့စားများသာ လုပ်ကိုင်ကြောင်း တွေ့ရှိရပါသည်။

၆။ပန်းတိုင်နှင့်မဟာဗျူဟာ

(က) ဖွံ့ဖြိုးရေးပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အဖွဲ့နှင့်တိုင်ပင်ညှိနှိုင်းပြီး လာမည့်ငါးနှစ်တာကာလအတွက် ကျေးလက်ဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်း ချမှတ်ထားပါသည်။

(က-၁) ကျွန်ုပ်တို့ကျေးရွာလူထုသည် ကုန်ထုတ်လုပ်မှုမြှင့်တင်ခြင်း၊အလုပ်အကိုင်များဖန်တီးခြင်း၊ သက်မွေးပညာသင်တန်းများရရှိခြင်းမှတဆင့် ဝင်ငွေရှာဖွေနိုင်စွမ်းနှင့် စီးပွားရေးအနေအထားကို တိုးတက်ရေးရရှိစေမည်။

(က-၂) ကျွန်ုပ်တို့ရွာလူထုသည် စာတတ်မြောက်မှုနှင့် ပိုမိုကောင်းမွန်သောပညာရေးမှတဆင့် ကလေးငယ်များ၏ လူသား ဆိုင်ရာစွမ်းဆောင်ရည်နယ်ပယ်ကို ကျယ်ဝန်းလာစေရမည်။

(က-၃) ကျွန်ုပ်တို့ရွာလူထုသည် သက်မွေးဝမ်းကျောင်းနှင့်စီးပွားရေးအုပ်စုများဖွဲ့စည်းပြီး ကျေးရွာအခြေ ပြုအဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်မြှင့်မားလာမှုမှတဆင့် ဖွံ့ဖြိုးရေးစီမံခန့်ခွဲမှုယန္တရားတိုးတက်လာ ရမည်။

(ခ)**အကောင်အထည်ဖော်နည်းဗျူဟာ**

ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိရန် အောက်ပါ အကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည်။

(ခ-၁) ကျေးရွာတွင် အရင်းအနှီးငွေ၊နည်းပညာနှင့်နည်းပညာအသုံးချနိုင်စွမ်းရရှိရေးတို့ကို ဆောင်ရွက်ပြီး စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်သွားမည်။အသေးစားငွေကြေးလုပ်ငန်းနှင့် ချေးငွေများအတွက် မြို့နယ်ရှိ ဘဏ်များ၊ရင်းနှီးငွေရရှိနိုင်ရာ အခြားနေရာများနှင့်ချိတ်ဆက်ပေးမည်။ အရင်းအနှီးငွေများရရှိပါက စိုက်ပျိုးရေး၊မွေးမြူရေးလုပ်ငန်းများအတွက် ခွဲဝေချထားပေးမည်။အလားတူပင် ကျေးရွာတွင် စိုက်ပျိုးရေး၊ မွေးမြူရေး၊နည်းပညာများ ထွန်းကားလာရေးအတွက် စိုက်ပျိုးရေး မွေးမြူရေးနည်းပညာသင်တန်းများ တက်ရောက်နိုင်ရေးအတွက် သက်ဆိုင်ရာ နည်းပညာဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်။သင်တန်းတက်ထား သူများမှ တဖန် ကျေးရွာတွင်ရရှိထားသော နည်းပညာများကို မျှဝေပေးပြီး မိမိတို့ကိုယ်တိုင်ကလည်း ကိုယ်ပိုင်လုပ်ငန်းများတွင် အသုံးချကာ ထုတ် လုပ်မှုတိုးတက်စေမည်။

(ခ-၂) ကျွန်ုပ်တို့သည်ဆံပင်ညှပ်၊စက်ပြင်၊မော်တော်ဆိုင်ကယ်ပြင်နှင့် မိုဘိုင်းဖုန်းပြင် စသော သင်တန်း များတက်ရောက်နိုင်ရန် သင့်တော်သော သင်တန်းများကို တက်ရောက်နိုင်ရန် စီစဉ်ပေးမည်။ထိုသင်တန်းများသည် သင်တန်းသားများအတွက် ကျွမ်းကျင်မှုများကို တိုးပွားရရှိစေပြီး ဝင်ငွေရလုပ်ငန်းများ ထူထောင်တိုးချဲ့နိုင်ရန် အရင်းအနှီးလုပ်ငန်းအစီအစဉ်နှင့်ချိတ်တက်ပေးမည်။

(ခ-၃) ကျေးရွာတွင် စာသင်ကျောင်း၏ ခြံစည်းရိုးကာရံပြီး မူကြိုကျောင်းတစ်ဆောင် ဆောက်လုပ်ခြင်း ဖြင့်ကလေးငယ်များ၏ အရည်အချင်းတိုးမြှင့်လာရေးအတွက် ဆောင်ရွက်သည်။ပညာရေးဌာနနှင့် ချိတ် ဆက်ပြီး မူလတန်းကျောင်းခွဲအတွက် ဘာသာရပ်အလိုက် ကျွမ်းကျင်မှုပြည့်ဝသော ဆရာ/မခန့်ထားရရှိ နိုင်ရေးတို့အတွက် ဆောင်ရွက်သွားမည်။

(ခ-၄)ကျေးရွာတွင် ကျေးရွာလမ်းနှင့်ကျေးရွာစျေးဆောက်လုပ်ကာ ကျေးရွာ၏အခြေခံအဆောက်အဦများ တိုးတက်ကောင်းမွန်ရေးအတွက် ဆောင်ရွက်သွားမည်။တစ်ချိန်တည်းတွင် ကျေးရွာအဆောက်အအုံများကို အသုံးပြုစီမံခန့်ခွဲထိန်းသိမ်းရေးအတွက် စီမံခန့်ခွဲနိုင်စွမ်းကိုလည်း တိုးတက်အောင်ဆောင်ရွက်သွားကြမည်။ကျေးရွာလူမှုအဖွဲ့အစည်းများကိုလည်း ကျေးရွာအခြေ ပြုလုပ်ငန်းများကို အကောင်အထည်ဖော်စီမံခန့်ခွဲနိုင်ရန် ခေါင်းဆောင်မှုစွမ်းရည်များ ပိုမိုရရှိအောင် ဆောင်ရွက်ရန် တိုက်တွန်းအားပေးဆောင်ရွက်မည်။

၇။ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများအကောင်အထည်ဖော်ရာတွင် မြို့နယ်နှင့် အထက်အဆင့်မှ ကူညီဖြေရှင်းပေးရမည့်ကိစ္စ

အစိုးရ၏ မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများနှင့်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ ပြုစုဖော်ပြထားပါသည်။ ဤအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့်အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို ရှာဖွေဖော်ထုတ်ပေးနိုင်ကြပါသည်။

(က) ကျေးရွာဖွံ့ဖြိုးရေး ရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များပံ့ပိုးပေးမှုသည် အလွန်အရေးပါသည်။အနာဂါတ်တွင်လည်း ရေရှည်တည်တံ့မည့်အထောက်အပံ့များကို နိုင်ငံတော်အစိုးရထံမှ ရရှိမည်ဟု မျှော်လင့်ပါသည်။ကျွန်တော်တို့ကျေးရွာသားများကိုယ်တိုင် အားထုတ်လုပ်ကိုင် ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်း၊နောက်ဆုံးအတည်ပြုထားသည့် ဖွံ့ဖြိုးရေးအစီအစဉ်များကိုလည်း သတ်မှတ်ကာလအတိုင်း ပုံမှန်စိစစ်သွားနိုင်ပါမည်။ အရေးကြီးသည့်အချက်မှာ ဦးစားပေးစီမံချက်များနှင့် ဘတ်ဂျက်ပမာဏ ပါဝင်သည့်နှစ်ပတ်လည်ဖွံ့ဖြိုးရေးစီမံချက်များပြင်ဆင်ရန်ဖြစ်သည်။

(ခ) စိုက်ပျိုးမြေများ ထိရောက်စွာအသုံးချနိုင်ရေး

ကျေးရွာတွင် စပါးအပြင် အခြားသီးနှံစိုက်ပျိုးကြသည်။တောင်သူများအတွက် သီးနှံဖျက်ပိုးကျရောက်ခြင်းသည် အဓိကပြဿနာတစ်ရပ်ဖြစ်ပြီး ဖျက်ပိုးထိရောက်စွာနှိမ်နှင်းရေးအတွက် နည်းစနစ် ရရှိရေးလိုအပ်သည်။ဖျက်ပိုးနှိမ်နှင်းရေးအတွက် သက်ဆိုင်ရာဦးစီးဌာနမှ ဝန်ဆောင်မှုများကိုရသော်လည်း စိုက်ပျိုးရေးထွက်ကုန်ပစ္စည်းများ ရောင်းချသည့် ပုဂ္ဂလိက အရောင်းဆိုင်များကို မှီခိုအားထားမှုပိုများသည်။သီးနှံဖျက်ပိုးများသည် ပိုးသတ်ဆေးအချို့ကိုခံနိုင်စွမ်းရှိကြကာတောင်သူများအတွက် သီးနှံဖျက်ဆီးမှုနှုန်းဝင်ငွေလျော့နည်းမှုဖြစ်စေသည်။နည်းပညာအသုံးပြုပုံများအပါအဝင် ပိုးမွှားနှိမ်နှင်းရေးနည်းပညာရရှိရေးအတွက် စိုက်ပျိုးရေး ဦးစီးဦးရွတ်ပြုသင့်ပါသည်။

(ဂ)ငွေရေးကြေးရေးနှင့်ဘဏ်လုပ်ငန်းများ

ဘဏ်လုပ်ငန်းများကိုလည်း ဆင်းရဲတောင်သူ၊အလယ်အလတ်တောင်သူနှင့်တောင်သူကြီးများအတွက် လိုအပ် သောချေးငွေရရှိရန် စနစ်များပြောင်းလဲချမှတ်သင့်သည်။အထူးသဖြင့် လယ်သမားနှင့် အသေးစားလုပ်ငန်းရှင်များသည် စိုက်ပျိုးရေးနှင့် အသေးစားစီးပွားရေးလုပ်ငန်းများအတွက် အထိုက်အလျောက်များပြားသည့်ချေးငွေလိုအပ်ပါသည်။ သမဝါယမ၊မြစိမ်းရောင်အဖွဲ့စည်းမှငွေချေးနေကြပါသည်။

(ဃ) **ကျေးလက်အသေးစားစက်မှုလက်မှုလုပ်ငန်းများဆိုင်ရာ အထောက်အပံ့**

ကျေးရွာတွင် အသေးစားစက်မှုလက်မှုလုပ်ငန်းများ မရှိသဖြင့် နိုင်ငံတော်အစိုးရအနေဖြင့် စီးပွားရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုအဖွဲ့တစ်ခုထူထောင်ပြီး မြို့နယ်အဆင့် စီမံခန့်ခွဲရေးအောက်တွင် ထားရှိကာ တစ်နှစ်ပတ်လုံးဝန်ဆောင်မှုရရှိအောင် ဆောင်ရွက်ပေးရန် လိုအပ်ပါသည်။ အထောက်အကူပြု လုပ်ငန်းများကို ဆောင်ရွက်ရန်အတွက် လုံလောက်သောရန်ပုံငွေလည်းရှိရပါမည်။

(c) **ကျေးလက်ဈေးဆောက်လုပ်ရေး**

လူကြီးခရီးစဉ်ကြံကြိတ်စဉ်တို့တွင် ဈေးရောင်းမှုကိုရွှေ့ဆိုင်းရတတ်သည်ကိုလည်း ကြုံရတတ်သည်။ မြို့နယ်အာဏာပိုင်အဖွဲ့အစည်းများက ရေသန့်ရှင်းရေးစနစ်နှင့်လမ်းတို့ စနစ်တကျပါဝင်သည့် ဈေးအဆောက်အဦတစ်ခုတည်ဆောက်ပေးရန် ပါဝင်ဆောင်ရွက်ပေးသင့်ပါသည်။ အနီးပတ်ဝန်းကျင်မှ ရွာသူရွာသားအချို့အတွက်လည်း အကျိုး ခံစားမှုရရှိစေနိုင်ပါမည်။

၈။ **စီမံကိန်း၊စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှုအချိန်ကာလ**

စီမံချက်များသည် အကောင်အထည်ဖော်မည့် ဗျူဟာများကို လုပ်ငန်းဆောင်ရွက်မှုများအဖြစ် သဘောတရားနားလည်စေနိုင်မည့် ဖော်ထုတ်ချက်များဖြစ်သည်။ထို့ကြောင့် စီမံချက်များသည်(၅)နှစ် တာစီမံချက်ကာလအတွင်း ချမှတ်ထားသော ပန်းတိုင်များကို ရောက်ရှိရန်ပါဝင်ပေးမည့် ဖွံ့ဖြိုးရေး လုပ်ငန်းအကောင်အထည်ဖော်မှုဆိုင်ရာ အဓိကတွက်ချက်မှုများဖြစ်သည်။

(က) **နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်း**

ကျေးရွာလူထုက (၅)နှစ်တာစီမံချက်ကာလအတွက် ပြင်ဆင်ပြုစုကြသည့်ကာလကဖော်ထုတ်၊ဦးစားပေးတန်းစီခဲ့ကြသည့် စီမံချက်များသည် မည်သို့မျှပြည့်စုံမှုမရှိနိုင်ပါ။ ဤသည်မှာ ကျေးရွာ လူထုသည် (၂)နှစ်၊(၃)နှစ်ကာလ စီမံချက်များအတွက် မျှော်မှန်းရေးဆွဲထားနိုင်ကြသော်လည်း(၅)နှစ်တာ ကာလတစ်လျှောက်လုံးတွင် နောက်ထပ်ဆောင်ရွက်မည့်ဦးစားပေးလုပ်ငန်းများကိုလည်း ဖော်ထုတ်သွားကြပါမည်။သို့ပါသောကြောင့် ရေးဆွဲထားသည့် (၅)နှစ်တာ စီမံချက်သည် ပြင်းထန်သော သဘာဝ ဘေးအန္တရာယ်ကဲ့သို့ ထိခိုက်စရာများ မပေါ်ပေါက်ပါက အနည်းနှင့်အများဆိုသလို ပြောင်းလဲမှုမရှိနိုင်ဘဲ နောက်ထပ်တိုးလာမည့်လုပ်ငန်းစီမံချက်များသာ ပါဝင်လာနိုင်ပါမည်။ ထို့ကြောင့် (၅)နှစ်တာကာလ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်၏ ဗျူဟာမြောက်မူဘောင်အတွင်း နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ် ကို ဆောင်ရွက်သွားကြပါမည်။

(ခ) **ကဏ္ဍနှင့်ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံချက်ကို အုပ်စုခွဲခြားခြင်း**

စီမံကိန်း၊စီမံချက်များကို စီမံချက်ဆိုင်ရာအချက်အလက်များကို စိစစ်စိတ်ဖြာနိုင်ရန် လုပ်ငန်းရပ်ဆိုင်ရာနှင့် ရင်းနှီးမြှုပ်နှံမှုကို အခြေခံပြီး အုပ်စုခွဲသည်။လုပ်ငန်းကဏ္ဍကိုအခြေခံ၍ စီမံကိန်းအုပ်စု သတ်မှတ်ခြင်း (Functional

Classification) ဖြင့် ဝန်ကြီးဌာနများ၊ဦးစီးဌာနများအတွက် သက်ဆိုင်ရာ လုပ်ငန်းများ အလိုက် ဆောင်ရွက်ဖွယ်ရာများကို သိရှိနားလည်စေနိုင်သည်။ရင်းနှီးမြှုပ်နှံမှုအမျိုးအစား ကို အခြေခံ၍ အုပ်စုသတ်မှတ်ခြင်း(Functional Classification)သည် စီမံချက်များကို အကဲဖြတ်ရာတွင် စီးပွားရေးအကျိုးဖြစ်ထွန်းမှုနှင့် အကျိုးသက်ရောက်မှုဆိုင်ရာ ငွေလုံး၊ငွေရင်းအသုံးစရိတ်၊စွမ်းဆောင် ရည်မြှင့်တင်ရေး၊လူသားချင်းဆိုင်ရာ ထောက်ပံ့မှုတို့ကို ခွဲခြားသိရှိစေရန် အထောက်အကူပြုသည်။

လုပ်ငန်းကဏ္ဍကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း ဝန်ကြီးဌာနများ၊ဦးစီးဌာနများက ယင်းတို့၏ လုပ်ငန်းတာဝန်များအလိုက် ဖော်ထုတ်ထားသော လုပ်ငန်းကဏ္ဍအပိုင်းအခြားများကို သိရှိစေနိုင်သည်။

ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်းတွင်-

- သာမန်အသုံးစရိတ်
- ငွေလုံးငွေရင်းအသုံးစရိတ်
- စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်
- လူသားချင်းစာနာမှုဆိုင်ရာအထောက်အပံ့တို့ ပါဝင်သည်။

(ဂ) **ဦးစားပေးစီမံချက်များ**

စီမံချက်များအလိုက် ဦးစားပေးအစီအစဉ်များကိုဇယားဖြင့် ဖော်ပြထားပါသည်။ကျေးရွာလူထုသည် နှစ်သက်ရာအမှတ်ပေးအဆင့်ခွဲခြားစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင် စီမံချက်များ ဦးစားပေးအစီအစဉ်ကို ဖော်ထုတ်ထားပါသည်။တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့်ဌာန ဆိုင်ရာအဖွဲ့များနှင့် အခြား

အေဂျင်စီများထံမှ နည်းပညာအကူအညီများရရှိရန်လည်း လိုအပ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်လုပ်ငန်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်များ					
ကဏ္ဍ	စီမံချက်	ရမှတ်ပေါင်း	အဆင့်	စီမံချက်အကြောင်းရှင်းလင်းဖော်ပြချက်	မှတ်ချက်
အုပ်ချုပ်ရေးကဏ္ဍ အုပ်ချုပ်ရေးကဏ္ဍတိုးတက်မှု	၁။အဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ စွမ်းရည်မြှင့်တင်ပေးရေး	၇၀	၇	-ငြိမ်းချမ်းရေးရရှိစေရန်နှင့် စည်းလုံးညီညွတ်မှုရရှိရန် ညှိနှိုင်းပေးရန် တောင်းခံခြင်း၊ -ဘေးကင်းလုံခြုံရေးရရှိရန် ကာကွယ်ရေးဌာနမှ ဌာနေပြည်သူ့စစ်များကို အထူးမွမ်းမံသင်တန်းစည်းရုံးရေးနှင့် အုပ်ချုပ်ရေးသင်တန်းပေးရန် တောင်းခံခြင်း၊ -မူးယစ်ဆေးဝါးအန္တရာယ်မှ ကင်းဝေးစေရန် ထိထိရောက်ရောက် အရေးယူနှိမ်နှင်းဖို့အတွက် တင်ပြတောင်းခံခြင်း၊	အထွေ့အုပ်ချုပ်ရေးဦးစီးဌာန
စိုက်ပျိုးရေးကဏ္ဍ စိုက်ပျိုးရေးသွင်းအားစုနှင့်နည်းပညာသင်တန်း	၂။စိုက်ပျိုးရေးဆိုင်ရာနည်းပညာဗဟုသုတကျွမ်းကျင်မှုများတိုးတက်ရေး	၇၆	၅	-စိုက်ပျိုးရေးသွင်းအားစုဆက်သွယ်မှုရရှိရန် -မျိုးကောင်းမျိုးသန့် ထုတ်လုပ်ရေးနည်းပညာသင်တန်း -ဆည်မြောင်းများ ဖောက်လုပ်ပေးခြင်း -စပါးအထွက်တိုးနည်းပညာသင်တန်း(ပိုးမွှားနှင့်ရောဂါ) -စိုက်ဘဏ်မှချေးငွေကို ကာလတိုးမြှင့်ပေးရန်	စိုက်ပျိုးရေးဦးစီးဌာန
မွေးမြူရေးနှင့်ရေလုပ်ငန်းဈေးကွက်နှင့်နည်းပညာသင်တန်း	၃။မွေးမြူရေးလုပ်ငန်းဆိုင်ရာတိုးတက်ရေး	၇၃	၆	-တိရစ္ဆာန်မွေးမြူရေးဆိုင်ရာ ဝန်ဆောင်မှုများရရှိအောင် မွေးကုဌာနသို့ တင်ပြတောင်းခံခြင်း -ရောဂါကာကွယ်ဆေးထိုးအစီအစဉ် -ခေတ်မှီမွေးမြူရေးစနစ်များ ဆောင်ရွက်နိုင်ရန်တင်ပြခြင်း	မွေး/ကုဦးစီးဌာန

အခြားဝင်ငွေရလုပ်ငန်းများသင်တန်း၊စီးပွားရေးလုပ်ငန်းများနှင့်ချိတ်ဆက်ခြင်း	၄။အလုပ်အကိုင်အခွင့်အလမ်းများပြားလာစေရေး	၇၈	၄	-ဒေသနှင့်သင့်လျော်သော အသက်မွေးဝမ်းကျောင်းပညာပေးခြင်း (စက်ချုပ်၊မုန့်လုပ်၊စက်ပြင်၊ဆိုင်ကယ်ပြင်) -အလုပ်အကိုင်အခွင့်အလမ်းများဖော်ထုတ်နိုင်ရန် မူဝါဒဆိုင်ရာပံ့ပိုးမှုတင်ပြတောင်းဆိုခြင်း -အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းသက်ဆိုင်သောမူဝါဒ၊နိုင်ငံခြားသို့အလုပ်လုပ်နိုင်ရေးအတွက် မူဝါဒနှင့်လုပ်ထုံးလုပ်နည်း၊မူဝါဒ	ကျေးလက်ဦးစီးဌာန NGOအဖွဲ့အစည်းများ
ဘဏ်နှင့်ငွေကြေးဝန်ဆောင်မှုလုပ်ငန်းချေးငွေလက်လှမ်းမှီရေး	၅။သင့်တင့်သောအတိုးနှုန်းဖြင့် ကာလရှည်ချေးငွေပေးနိုင်မည့်အဖွဲ့များနှင့်ချိတ်ဆက်ရေး	၆၇	၉	-ချေးငွေဝန်ဆောင်မှုအဖွဲ့များနှင့်ချိတ်ဆက်ခြင်း -အတိုးနှုန်းသက်သာပြီး ကာလရှည်ထုတ်ချေးပေးနိုင်မည့် အဖွဲ့များနှင့် ချိတ်ဆက်ခြင်း -အကျိုးတူကန်ထရိုက်စနစ်ဖြင့် စီးပွားရေးလုပ်ငန်းများလုပ်ကိုင်နိုင် ရန် တောင်းခံခြင်း	
ပညာရေးကလေးပညာရေးဖွံ့ဖြိုးရေး	၆။ကျေးရွာ၏ ပညာတတ်မြောက်မှုတိုးတက်ရေး	၈၀	၃	-ကလေးကစားကွင်းတည်ဆောက်ခြင်း -ကျောင်းတွင် ကန်တည်ဆောက်ခြင်းနှင့် ရေသန့်စက်၊လက်ဆေးစင်များပြုလုပ်ပေးခြင်း -ကျေးရွာ၏ ပညာရေးတိုးတက်ရန်အတွက် သင်ထောက်ကူပစ္စည်း၊ ဆရာမအဆောင်များပံ့ပိုးဆောင်ရွက်ခြင်း	ပညာရေးဦးစီးဌာန
ကျန်းမာရေးကျေးရွာ၏ကျ	၇။ကျေးရွာ၏	၆၈	၈	-ကျေးလက်ဆေးပေးခန်းတွင် ပရိဘောဂနှင့်ဆေးဝါးများလုံလောက်	ကျန်းမာရေးဦးစီး

နှံ မာရေးတိုးတက် လာစေရေး	ကျန်းမာရေးကဏ္ဍ တိုးတက်လာစေရေး			မှုရှိရန် မြို့နယ်ကျန်းမာရေးဌာနနှင့်ချိတ်ဆက်ခြင်း -ကျန်းမာရေးဝန်ထမ်းများတိုးမြှင့်ပေးရန် -ကျန်းမာရေးအသိပညာပေးဟောပြောပွဲများပြုလုပ်ခြင်း	ဌာန
မူးယစ်ဆေးဝါး ပပျောက်ရေး	၈။ကျေးရွာရှိ လူငယ် လူရွယ်များ မူးယစ် ဆေးဝါးအန္တရာယ်မှ ကင်းဝေးစေရေး	၈၈	၁	-ပြည်ထဲရေးဌာနသို့ မူးယစ်ဆေးဝါးတိုက်ဖျက်ရန်အတွက် တောင်းခံခြင်း -တိုက်ဖျက်ရန်ကော်မတီများဖွဲ့စည်းခြင်း -ကျန်းမာရေးဌာနသို့ မူးယစ်တိုက်ဖျက်ရေးဟောပြောပွဲများလာ ရောက်ပြုလုပ်ရန် တောင်းခံခြင်း	အထွေ့ အုပ်ချုပ် ရေးဦးစီး ဌာန
လမ်းပန်းဆက် သွယ်ရေး လမ်း၊ တံတားကောင်း မွန်လာစေရေး	၉။ပို့ဆောင်ရေးအ ခြေခံအဆောက်အဦ များ တိုးတက်လာစေရေး	၈၅	၂	-ကျေးလက်ဦးစီးဌာနနှင့်ပူးပေါင်း၍ ကျေးရွာတွင်းလမ်းများ ပြုပြင်ခြင်း -ကျေးရွာတွင်းလမ်းများပြုပြင်ခြင်း -ရွာတွင်းကွန်ကရစ်တံတားငယ်များတည်ဆောက်ခြင်း	ကျေးလက် ဦးစီးဌာန
လူငယ် ယဉ်ကျေးမှုနှင့် အားကစား လူငယ်များ စွမ်းဆောင်ရည် တိုးတက်လာ စေရေး	၁၀။လူငယ်များ ကျန်းမာကြံ့ခိုင်ပြီး စာပေဗဟုသုတလေ့ လာနိုင်စေရေး	၁၀	၆၅	-အားကစားကွင်းနှင့် ပစ္စည်းများတင်ပြတောင်းခံခြင်း -စာကြည့်တိုက်များ ပြန်လည်အသက်ဝင်လာစေရန် စာအုပ်များ ဖြည့်ဆည်းခြင်း၊စာပေဟောပြောပွဲများပြုလုပ်ခြင်း -ထူးချွန်လူငယ်များအား အသိအမှတ်ပြုဆုပေးပွဲများ ပြုလုပ် ပေးခြင်း	အား/ကာ ဦးစီးဌာန

(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

ကျေးရွာလူထုက ဖော်ထုတ်ရေးဆွဲထားသောဦးစားပေးစီမံချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် စီမံကိန်းကာလကို ကွင်းဆင်းဆောင်ရွက်ချက်များအား အခြေခံ၍ ရေးဆွဲထားပါသည်။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကာလများကို နှစ်စဉ်ပြုပြင်ရေးဆွဲပါမည်။ စီမံကိန်းကာလအပိုင်း အခြားများကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

စဉ်	**စီမံချက်(Project)**	ဦးစားပေးအဆင့်	၂၀၁၇	၂၀၁၈	၂၀၁၉	၂၀၂၀	၂၀၂၁
၁	မူးယစ်ဆေးဝါးပပျောက်ရေး	၁	A	A	A	A	A
၂	ကျေးရွာ၏ ပညာရေးတက်မြောက်မှုတိုးတက်လာစေရေး	၃	A	A			
၃	ပို့ဆောင်ရေးအခြေခံအဆောက်အဦများ တိုးတက်လာစေရေး	၂	A	A	A		
၄	အလုပ်အကိုင်အခွင့်အလမ်းများပြားလာစေရေး	၄	A	A			
၅	စိုက်ပျိုးရေးဆိုင်ရာ နည်းပညာဗဟုသုတကျွမ်းကျင်မှုများ တိုးတက်ရေး	၅	A	A	A	A	A
၆	မွေးမြူရေးလုပ်ငန်းဆိုင်ရာ တိုးတက်ရေး	၆	A	A	A		
၇	အဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ စွမ်းရည်မြှင့်တင်ပေးရေး	၇	A	A			
၈	ကျေးရွာ၏ ကျန်းမာရေးကဏ္ဍ တိုးတက်လာစေရေး	၈	A	A	A	A	A
၉	သင့်တင့်သော အတိုးနှုန်းဖြင့် ကာလရှည်ချေးငွေပေးနိုင်မည့်အဖွဲ့များနှင့် ချိတ်ဆက်ရေး	၉	A	A			
၁၀	လူငယ်များအား စွမ်းဆောင်ရည်မြှင့်တင်ပေးရေး	၁၀	A	A	A	A	

၉။ဘတ်ဂျတ်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်

အောက်ပါဇယားတွင် ဖော်ပြထားသောစီမံချက်အလိုက် ဘတ်ဂျက်ပမာဏများသည် ရည်ညွှန်းနမူနာ အဖြစ်ကိုးကားရန် ပမာဏသာဖြစ်ပါသည်။ အမှန်တကယ် လိုအပ်သော ဘတ်ဂျက်ပမာဏ တွက်ချက် နိုင် ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့သည် အချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့်ဌာနဆိုင်ရာအဖွဲ့များအစည်းများနှင့် ဝန်ဆောင်မှုပေးသည့် လုပ်ငန်း များ ထံမှ ဘတ်ဂျတ်အပါအဝင် စီမံချက်ပြုစုရေးဆွဲရေး အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ဖော်ပြထားသော ရည်ညွှန်းဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု၏ ငွေသား မဟုတ်သော ထည့်ဝင်မှုများကို ထည့်သွင်းဖော်ပြထားခြင်း မရှိပါ။ (ငွေသားမဟုတ်သောထည့်ဝင်မှု၊ ဥပမာ လုပ်အား၊ သဲ၊ကျောက်၊ ပစ္စည်း ကိရိယာ၊အချိန် စသည်တို့)

စဉ်	စီမံချက်	ရန်ပုံငွေ	ရင်းနှီးမြှုပ်နှံမှုအရ အုပ်စုသတ်မှတ်ခြင်း(ကျပ်)			
			သာမန်အသုံးစရိတ်	ငွေလုံးငွေရင်းအသုံးစရိတ်	စွမ်းဆောင်ရည်မြှင့်တင်ရေး	လူသားချင်းစာနာမှုအထောက်အပံ့
၁	မူးယစ်ဆေးဝါးပယျောက်ရေး	✓				
